ချီးမွမ်းခြင်းအပေါင်းသည်

အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်တော်မူ၏

အကြင်အရှင်မြတ်သည် ၎င်း(ရှိုင်သွာန်)၏

လှည့်ဖျားမှုကို ဝတ်စ်ဝစဟ် (သံသယအတွေး)

အဖြစ်သို့ပြောင်းလဲတော်မူခဲ့သည်။

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ လူတစ်ဦးသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ လာရောက်၍ အို အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် ကျွန်တော်တို့အနက်မှ တစ်ဦးတစ်ယောက်သည် သူ၏စိတ်ထဲ၌
အတွေးများဖြစ်ပေါ်နေပြီး ထိုအ တွေးကိုပြောပြရန်ထက် ပြာဖြစ်သွားခြင်းကို
၎င်းအနေဖြင့် ပိုနှစ်သက်ပါသည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ ကိုယ်တော်က
အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည်
အကြီးကျယ်ဆုံးဖြစ်တော်မူ၏။ ချီးမွမ်းခြင်းအပေါင်းသည်
အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်တော်မူ၏ အကြင်အရှင်မြတ်သည် ၎င်း(ရှိုင်သွာန်)၏
လှည့်ဖျားမှုကို ဝတ်စ်ဝစဟ် (သံသယအတွေး) အဖြစ်သို့ပြောင်းလဲတော်မူခဲ့သည်။
[صحيح] [رواه أبو داود والنسائي في الكبرى]

ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံလာရောက်လျှောက်ထားခဲ့သည်မှာ အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ကျွန်တော်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ၎င်း၏စိတ်ထဲ၌အတွေးများဖြစ်ပေါ်နေသည်။သို့သော် ထိုအကြောင်းအား ထုတ်ဖော်ပြောပြခြင်းထက်၎င်းအနေဖြင့်ပြာဖြစ်သွားခြင်းကို ပို၍နှစ်သက်မိသည်အထိ ပြောဆိုရန်ခက်ခဲကြောင်းလျှောက်ထားခဲ့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် သက္ကဗီရ် နှစ်ကြိမ်ဆိုတော်မူပြီး ရှိုင်သွာန်၏လှည့်စားမှုကို ဝတ်စ်ဝစဟ် သံသယအတွေးအဖြစ်သို့သာ ပြောင်းလဲပေးခဲ့သောအလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုတော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/65012